
ဇေယန
(ရာမည)
အောင်မြတ်သာနှင့်
ထူးဆန်းသော မြလက်စွပ်

# အောင်မြတ်သာနှင့်ထူးဆန်းသောမြလက်စွပ်

*

မိုးဦးကာလက မကြာခင်ရောက်လာတော့မှာဖြစ်လို့ မျိုးစပါးတွေသယ်တဲ့သူကသယ်၊ လယ်ထွန်တဲ့သူက ထွန်နဲ့ ခနောက်အင်းတစ်ရွာလုံး အလုပ်ရှုပ်နေခဲ့ကြတယ်။

လူတွေအားလုံး အလုပ်ကိုယ်စီနဲ့ဖြစ်နေပေမဲ့ ကိုတိုးနိုင်တို့မိသားစုကတော့ ဘယ်သူမှအလုပ်မခေါ်တဲ့အတွက် အိမ်ရှေ့မှာ ငုတ်တုတ်ထိုင်ပြီး ဖြတ်သွားဖြတ်လာ လူတွေကို ငေးကြည့်နေခဲ့ကြတယ်။

"ဒီနှစ် ဘယ်သူမှလဲ မခေါ်ကြပါလားနော်၊ ဒီအတိုင်းဆို ငွေပိုငွေလျှံရဖို့ထက် ဝမ်းစာစပါးရဖို့တောင် မနည်းရုန်းကန်ရမှာ"

စိတ်ပျက်စွာပြောလိုက်တဲ့မိန်းမဖြစ်သူရဲ့ စကားကြောင့် ကိုတိုးနိုင်တစ်ယောက် သောက်လက်စဆေးလိပ်ကို ဘေးချကာ အိမ်အပြင်ဘက်ကို ထွက်သွားလိုက်တယ်။

"အမေ ... အဖေက ဘယ်သွားတာလဲ"

"အလုပ်ရလိုရငြား ထွက်ရှာတယ်နေမှာပေါ့သမီးရယ်"

"အမေသိလား ... လုံးတင်တို့က စပါးစိုက်တဲ့အခါ သမီးကိုခေါ်မယ်လို့ပြောတယ်၊ ဒီနှစ်တော့ သမီး ကောက်စိုက်လိုက်ပါရစေ"

"သမီးက အခုမှ ဆယ်နှစ်ကျော်ရုံလေးပဲရှိသေးတာ၊ ဘယ်လိုလုပ်

ကောက်စိုက်လို့ရဦးမှာလဲ"

"သမီး ကောက်စိုက်တတ်ပါတယ် ... အမေမယုံရင် လုံးတင်ကိုမေးကြည့်"

"အသက်အရွယ်ရလာရင် မလုပ်ချင်တာတောင် လုပ်ရမယ်၊ အခုတော့ အမေစိတ်မချသေးဘူး"

မိခင်ဖြစ်သူရဲ့စကားကြောင့် ကလျာ စိတ်ပျက်လက်ပျက်နဲ့ အိမ်ပေါ်ပြန်တက်သွားခဲ့တယ်။ ခဏနေတော့ ကိုတိုးနိုင်ပြန်ရောက်လာပြီး

"မိန်းမရေ ... ဦးမိုးကြီးက သူ့လယ်မှာလုပ်မယ်ဆို ဝမ်းစာစပါးတင်း(၃၀)ပေးမယ်လို့ပြောတယ်"

"တကယ်ပြောတာလား ... ဒါဆို ကျုပ်တို့ ဒီနှစ်အဆင်ပြေပြီပေါ့"

"အဆင်ပြေတာတော့ဟုတ်တယ်၊ ဒါပေမဲ့ လုပ်ရမယ့်လယ်က မိုးနဲကွင်းဘက်မှာလို့ပြောတယ်"

"ဦးမိုးကြီးလယ်တွေက ကျောင်းကြီးကွင်းမှာရှိတာ မဟုတ်လား၊ ဘယ်လိုဖြစ်လို့ မိုးနဲဘက်ရောက်သွားတာလဲ"

"သူမနှစ်ကမှ ထပ်ဝယ်ထားတာတဲ့၊ အဲဒီဘက်က နည်းနည်းလှမ်းတော့ ဘယ်သူမှမလုပ်ချင်ကြ ဘူးလေ"

"မိုးနဲကွင်းက ဒီကနေ သွားရင် သုံးနာရီလောက် သွားရတာလေ၊ ကျုပ်တို့ ဘယ်လိုသွားကြမလဲ"

"လယ်ထဲမှာပဲနေကြရင်မကောင်းဘူးလား၊ ဟိုမှာက သီးပင်စားပင်တွေလည်း ပေါတယ်လို့ပြောတယ်"

"သမီးကိုရော ခေါ်သွားမှာလား"

"ခေါ်သွားရမှာပေါ့ ... ငါ့သမီးကို အခြားသူဆီမှာ မအပ်ထားနိုင်ပါဘူး"

"ဒါဖြင့် ဘယ်နေ့သွားရမလဲ"

"ငါတို့လုပ်မယ်ဆိုရင် ဒီတစ်ပတ်အတွင်း သွားရမယ်ပြောတယ်"

"ဘယ်တတ်နိုင်မလဲ ရတဲ့အလုပ် လုပ်ရတော့မှာပေါ့၊ ဒါနဲ့ လယ်က ဘယ်နှစ်ဧက လုပ်ရမှာလဲ"

"အများကြီးတော့ မဟုတ်ပါဘူး၊ ငါးဧကလောက်ပဲ ရှိမယ်ထင်တယ်"

"အင်း ... ဒါဆို ကျုပ်ပစ္စည်းတွေ ထုပ်ပိုးထားလိုက်မယ်၊ ရှင့်သမီးကတော့ ကောက်မစိုက်ရလို့ အိမ်ပေါ်မှာ စိတ်ကောက်နေလေရဲ့"

"ကလျာကတော့လေ အားနေရင် ကောက်နေတော့ပဲ"

ကိုတိုးနိုင်က သမီးဖြစ်သူကိုချော့ဖို့တက်သွားတဲ့အချိန် မစန်းနွယ်က လိုအပ်တဲ့ပစ္စည်းတွေကို ထုပ်ပိုးရန်အတွက် အိမ်နောက်ဖေးကို ထွက်လာခဲ့လိုက်တယ်။

***